ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
ညွှန်ကြားချက်အမှတ် ၄ /၂၀၁၉
၁၃၈၁ ခုနှစ် ၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိထားသူများ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်**

၁။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရန် တာဝန်ရှိသဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ဃ) ရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤလိုင်စင်ဖြင့်ခွင့်ပြုသော လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ခ) လိုင်စင်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ရောင်းချခြင်း၊အပ်နှံခြင်းမပြုရ။

(ဂ) ပျက်ပြယ်သောလိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) နိုင်ငံတော်၏တည်ဆဲဥပဒေများအရ တားမြစ်ထားသည့် ပစ္စည်းများကို လက်ခံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းမပြုရ။

(င) နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း လိုင်စင်ကဒ်ပြားအသေးကို သတ်မှတ်ချက်တိုင်း ချိတ်ဆွဲရမည်။

(ဆ) ဧည့်သည်များအား ခွင့်ပြုသည့် ခရီးစဉ်ဒေသများကိုသာ ပို့ဆောင်ရမည်။

(ဇ ) ခရီးစဉ်ဒေသရှိ ဒေသခံပြည်သူလူထု၏ ကျင့်စရိုက်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့် လူနေမှုစနစ်များကို ပျက်ပြားထိခိုက်စေနိုင်သော တွေးအခေါ်

ပြုအမူများအား မိမိကိုယ်တိုင်သော်လည်းကောင်း မိမိဧည့်သည်များသော်လည်းကောင်း မပြုလုပ်စေရန် သတိပေးတားမြစ်ရမည်။

(ဈ) နိုင်ငံတော်၏တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် ားပေးကူညီခြင်းမပြုရ။

(ည) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ဖွဲ့စည်းတာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့၏စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

၃။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ရရှိထားသူများသည် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လက်ခံထားသော ခရီးစဉ်တွင် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေး တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ပိုဒ်ခွဲ (က)ပါ ခရီးစဉ်အတွက် ပြုလုပ်ထားသည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အကြောင်းတစ်ခုခုကြောင့် ပြောင်း လဲရှိလာပါကနိုင်ငံခြား ခရီးသည်များ အဆင်ပြေစေရန် သက်ဆိုင်ရာ ခရီးသွားကုမ္ပဏီ၊ ဖွဲ့အစည်းနှင့်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုခရီးစဉ်ပြီးဆုံးသည့်အခါ အစီအစဉ်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ မူလစီစဉ်ပေးသူထံတွင် ရှင်းလင်းပေးရမည်။

(ဂ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) ဧည့်လမ်းညွှန်ငှားရမ်းခနှုန်းထားများကို သက်ဆိုင်သည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(င) တည်ပြုထားသော ဧည့်လမ်းညွှန်ငှားရမ်းခနှုန်းထားများ တိုင်းသာဝန်ဆောင်ခကို ရယူရမည်။

(စ) ဧည့်လမ်းညွှန်လုပ်ငန်းဆောင်ရွက်နေချိန်အတွင်းမြန်မာ့ယဉ်ကျေးမှုနှင့် လျော်ညီသည့်ဝတ်စုံ(သို့မဟုတ်) နောက်တိုင်းဝတ်စုံ ကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားရမည်။

(ဆ) ဧည့်လမ်းညွှန်လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် သက်ဆိုင်သည့် လည်ဆွဲကဒ်ပြားကို ချိတ်ဆွဲထားရမည်။

(ဇ) သက်ဆိုင်ရာအစိုးရဌာန ၊ ဖွဲ့အစည်း များက ခါအားလျော်စွာ ထုတ်ပြန်သော မိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်သန်းဝင်း၊ဒုတိယညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ က-၄၉(ထွေ)/ ၃၀၄၄
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်
ဖြန့်ဝေခြင်း
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများအားလုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ)
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မိတ္တူကို
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ရုံးလက်ခံစာတွဲ
မျှောစာတွဲ